JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် | မြန်မာ**

## ETC Singapore ၏ မြန်မာနိုင်ငံမှ ရုတ်သိမ်းထွက်ခွာခြင်းက စင်ကာပူအတွက် မေးခွန်းထုတ်စရာဖြစ်လာ

စင်ကာပူအိတ်ချိန်းစာရင်းဝင်ကုမ္ပဏီ Emerging Towns & Cities Singapore (ETC) သည် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) ၏ စစ်ထောက်ချုပ်ရုံးထံမှ ငှားရမ်းထားသည့် မြေနေရာပေါ်တွင် တည်ဆောက်ထားသော Golden City အိမ်ခြံမြေဖွံ့ဖြိုးရေးလုပ်ငန်းမှ ၎င်းတို့၏ရှယ်ယာများကို ရောင်းချရန် သဘာတူညီချက် တစ်ရပ်ကို ကြေညာခဲ့သည်။

ရောင်းချမှုသဘောတူညီချက်တွင် စင်ကာပူကုမ္ပဏီ Uni Global Power ၏ ၇၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသော ETC Singapore လုပ်ငန်းခွဲ DAS ကို ရောင်းချခြင်းလည်း ပါဝင်သည်။ Uni Global Power သည် Golden City စီမံကိန်းကို တည်ထောင်စီမံခန့်ခွဲသူဖြစ်သည့် မြန်မာကုမ္ပဏီ Golden Land Real Estate Development ၏ ရှယ်ယာ ၇၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။

ဝယ်ယူသူသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ထောင်ခဲ့သည့် စင်ကာပူ ပုဂ္ဂလိက ကုမ္ပဏီ Grand Ally Pte Ltd ဖြစ်ပြီး Golden City စီမံကိန်းကို စီမံခန့်ခွဲသော ETC ၏ အဓိကအဖွဲ့ဝင်များက ပိုင်ဆိုင်သည်။

Grand Ally ကို ETC ၏ အရောင်းနှင့်ဈေးကွက်ရှာဖွေရေး ဒုဥက္ကဋ္ဌ တရုတ်နိုင်ငံသား Li Bo နှင့် ကုမ္ပဏီ၏ ဒေသတွင်းအရောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဈေးကွက်ရှာဖွေရေးဒါရိုက်တာတို့က ထိန်းချုပ်ထားသည်။ အခြားရှယ်ယာရှင်/ ဒါရိုက်တာများမှာ တရုတ်နိုင်ငံသားများဖြစ်သည့် Lai Xuejun နှင့် Zhang Xiaoping တို့ဖြစ်သည်။

ETC သည် Golden City ၏ ရှယ်ယာများကို စင်ကာပူဒေါ်လာ ၄ သန်းဖြင့် ရောင်းချခဲ့ပြီး စုစုပေါင်း စင်ကာပူ ဒေါ်လာ ၈၀.၂ သန်း အရှုံးပေါ် ခဲ့သည့်ဟု ကုမ္ပဏီ၏ ကြေညာချက်အရ သိရသည်။

ETC ၏ ရောင်းချမှုတွင် ဆက်စပ်သူများပါဝင်နေသည့်အချက်သည် ကုမ္ပဏီက ၎င်းတို့၏ ဝန်ထမ်းများနှင့် အစုရှယ်ယာရှင်များမှတစ်ဆင့် မြန်မာစစ်အုပ်စုနှင့် ဆက်နွယ်ပတ်သက်မှုများကို ဆက်လက်ထိန်းသိမ်းထားနိုင်သည့် အန္တရာယ်များ ဖန်တီးထားရာ ရောက်ပါသည်။

Justice For Myanmar က ETC ၏ ရှယ်ယာများရောင်းချပြီးနောက်ပိုင်းတွင် Li Boı Lai Xuejun နှင့် Zhang Xiaoping တို့ဆက်လက်ပါဝင်နေကြမည်လားဟု မေးမြန်းခဲ့သော်လည်း ETC က ပြန်လည်ဖြေကြားခဲ့ခြင်း မရှိပေ။

Grand Ally သည် စင်ကာပူတွင် မှတ်ပုံတင်ထားသောကြောင့် စင်ကာပူအနေဖြင့် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို ကျူးလွန်ပြီး တစုံတရာ အရေးယူအပြစ်ပေးခြင်း မခံရပဲ လွတ်မြောက်နေသည့် မြန်မာစစ်အုပ်စုနှင့် Golden City ၏ စီးပွားရေးလုပ်ငန်းများကို ကြံရာပါဆက်လက်ဖော်ဆောင်နေခြင်း ဖြစ်သည်။

အကြမ်းဖက်မြန်မာစစ်အုပ်စုက ယခုအချိန်အထိ လူပေါင်း ၃၇၀၀ ကျော်ကို သတ်ဖြတ်ခဲ့ပြီး ၂၃၇၀၀ ကျော်ကို မတရားဖမ်းဆီးကာ အရပ်ဘက် စစ်ဘက်မခွဲခြားပဲ ပစ်မှတ်ထားလေကြောင်းတိုက်ခိုက်မှုများနှင့် ပစ်ခတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ကို ကျူးလွန်ခဲ့ပြီး အနည်းဆုံး ပြည်သူလူထု ၁ ဒသမ ၅ သန်း ကို အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့သည်။

SGX အနေဖြင့် ETC ၏ ရင်းနှီးမြုပ်နှံမှု ရုတ်သိမ်းသည့် လုပ်ငန်းစဉ်သည် မြန်မာစစ်အုပ်စုနှင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် စီးပွားရေးလုပ်ငန်းများတွင် ထပ်မံဆက်စပ်ပတ်သက်မှုမရှိကြောင်း သေချာစေရေး စိစစ်ရန် Justice For Myanmar က တိုက်တွန်းထားသည်။

Grand Ally Pte Ltd ၏ မှတ်ပုံတင်ကို ဖျက်သိမ်းရန် စင်ကာပူကို ကျွန်ုပ်တို့က တိုက်တွန်းထားပြီး စစ်အုပ်စုနှင့် ၎င်းတို့၏ အကျိုးစီးပွားများကို ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် တောင်းဆိုပါသည်။

စင်ကာပူဘဏ်များအနေဖြင့် Grand Ally ကို တာဝန်ခံခြင်း သို့မဟုတ် Golden City စီမံကိန်းအပေါ် ပံ့ပိုးခြင်းများကို မည်သည့်နည်းနှင့်မျှ မဆောင်ရွက်နိုင်စေရန် တာဝန်ခံရမည် ဖြစ်သည်။

အစိုးရများအနေဖြင့် Grand Ally Investments၊ ၎င်း၏ မြန်မာမိတ်ဖက် Jewellery Luck Group of Companies နှင့် ၎င်းတို့၏ ပိုင်ရှင်များ၊ ဒါရိုက်တာများအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်သင့်သည်။

Jewellery Luck Group of Companies သည် ၎င်း၏ လုပ်ငန်းခွဲဖြစ်သော Nature Link Company Limited မှတဆင့် Golden Land Real Estate Development ၏ ၃၀ ရာခိုင်နှုန်း ကို ပိုင်ဆိုင်ထားသည်။

အဆိုပါရောင်းချမှုတွင် ETC သည် Golden Land Real Estate နှင့် နိုင်ငံတကာဘဏ်များဖြစ်သည့် ICBC, E.SUN နှင့် မြန်မာ့ခရိုနီဘဏ်ကမ္ဘောဇတို့မှ Golden City စီမံကိန်းအတွက် ချေးငွေထုတ်ချေးမှုများ ရပ်ဆိုင်းသွားမည် ဖြစ်သည်။ ဘဏ်များအားလုံးသည် မြန်မာစစ်အုပ်စုနှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်နွယ်နေသော ၎င်းတို့၏လုပ်ငန်းများကို အဆုံးသတ်သင့်သည်။

## ETC နုတ်ထွက်ခြင်း၏ လားရာ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် Justice For Myanmar က ETC ၏ မြန်မာစစ်အုပ်စုသို့ ငွေပေးချေမှုများနှင့် စင်ကာပူအိတ်ချိန်းအပေါ် သက်ရောက်မှုများအကြောင်း အစီရင်ခံစာတစ်စောင် ဖော်ထုတ်အပြီး အဆိုပါရောင်းချမှုသည် စစ်အုပ်စုအတွက် ငွေပေးချေမှုတွင် အမေရိကန်ဒေါ်လာ ၆.၈ သန်း ကို "မြေယာအသုံးပြုခ "အတွက် နှင့် နှစ်စဉ်ကြေးပေးချေမှု အမေရိကန်ဒေါ်လာ ၂.၈ သန်း တို့ ပါဝင်သည်။ သဘောတူညီချက်သည် အမြင့်ဆုံး နှစ် ၇၀ သက်တမ်းကုန်ဆုံးချိန်တွင် စစ်အုပ်စုမှ အဆောက်အအုံကို ပိုင်ဆိုင်မှုအဖြစ် လက်ခံရရှိမည့် တည်ဆောက်-လည်ပတ်-လွှဲပြောင်း စာချုပ်အောက်တွင် ရှိသည်။ နှစ် ၇၀ ပြည့်လျှင် စစ်အုပ်စုအတွက် စုစုပေါင်း ငွေပေးချေမှုမှာ အမေရိကန်ဒေါ်လာ ၁၉၁ ဒသမ ၁ သန်း ရှိမည် ဖြစ်သည်။

Justice For Myanmar ၏ အစီရင်ခံစာကို တုံ့ပြန်သည့်အနေဖြင့် Singapore Exchange Regulation သည် ETC ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် စည်းမျဉ်းစည်းကမ်းများအတိုင်း အရေးယူခဲ့ပြီး ကုမ္ပဏီက ကုန်သွယ်မှုကို ရပ်ဆိုင်းခဲ့သည်။

SGX စည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ မေးခွန်းများကို ဖြေရှင်းရန်အတွက် ETC က မြန်မာစစ်အုပ်စုအပေါ် ငွေပေးချေမှုများနှင့် ၎င်း၏တရားဝင်လိုက်နာမှုဆိုင်ရာ သီးခြားသုံးသပ်မှုများကို ဆောင်ရွက်ခဲ့ပါသည်။

Nexia TS က ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ ကာလအတွင်း ဆောင်ရွက်ခဲ့သော အရောင်းအဝယ်များကို သီးခြားပြန်လည်သုံးသပ်ချက်တွင် ၂၀၁၈ ခုနှစ်က စစ်ထောက်ချုပ်ရုံးသို့ ငွေပေးချေမှု နှစ်ကြိမ် နှင့် ၂၀၂၀ ခုနှစ်တို့တွင် တစ်ကြိမ် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅.၀၃၅ သန်း ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ တွေ့ရှိချက်အကျဉ်းချုပ်အရ စစ်အုပ်စုသို့ ငွေပေးချေမှုများကို "နှုတ်ဖြင့်

ပြောဆိုဆောင်ရွက်ထားခြင်းဖြစ်ပြီး တရားဝင်ရေးသားထားသော ပြေစာများမရှိကြောင်း" မှတ်ချက်ပြု ထားပါသည်။

စစ်အုပ်စုသို့ နှစ်စဉ်ပေးချေမှုများကို စစ်ထောက်ချုပ်ရုံးမှ သဘောတူညီထားသည့် ငွေလဲနှုန်း 830 MMK ဖြင့် ပေးချေခဲ့ပြီး ထိုသို့ ဈေးကွက် ပေါက်ဈေးထက်နည်းသည့် နှုန်းထားဖြင့် ပေးချေမှုများကို " စာဖြင့် တရားဝင်ရေးသားထားသော သဘောတူညီချက် သို့မဟုတ် အသိပေးချက်"မရှိဟု ဆန်းစစ်တွေ့ရှိ ရကြောင်း သုံးသပ်သူများက မှတ်ချက်ပြုထားသည်။ ETC သည် လက်ကျန်ငွေကို ရရန်ရှိ မြေငှားခအဖြစ် သိမ်းဆည်းထားသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် Justice For Myanmar နှင့် Australian Centre for International Justice တို့က နိုင်ငံတကာဥပဒေပညာရှင်များဖြစ်ကြသည့် Felicity Gerry KC၊ International Criminal Court counsel နှင့် Australian Victorian Bar မှ Daye Gang တို့က ဥပဒေရေးရာ မှတ်တမ်း တစောင်ကို ထုတ်ပြန်ခဲ့ပြီး၊ အဆိုပါ ဥပဒေရေးရာမှတ်တမ်းတွင် နိုင်ငံတကာဥပဒေနှင့် လမ်းညွှန်ချက်များကို စင်ကာပူ အိတ်ချိန်းက လိုက်နာရမည့်တာဝန်ဝတ္တရားများရှိကြောင်းနှင့် မြန်မာစစ်အုပ်စုနှင့် စီးပွားရေးလုပ်ကိုင် နေသော ကုမ္ပဏီများနှင့် ပတ်သက်၍ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့နှင့် စင်ကာပူအစိုးရတို့တွင် တာဝန်ရှိကြောင်း ဖော်ပြထားသည်။

ဥပဒေရေးရာမှတ်စုတွင် စင်ကာပူနိုင်ငံအနေဖြင့် " မှားယွင်းသည့်လုပ်ရပ်များအဖြစ် သတ်မှတ်နိုင်သည့် စီးပွားရေးလုပ်ငန်းများကို စုံစမ်းစစ်ဆေးရန်၊ ကာကွယ်တားဆီးရန်နှင့် ရပ်ဆိုင်းရန်အတွက် နိုင်ငံတကာ ဥပဒေကြောင်းဆိုင်ရာ တာဝန်ကို လိုက်နာရန် ဝတ္တရားရှိပြီး၊ ယင်းတာဝန်ဝတ္တရားအရ မြန်မာစစ်အုပ်စု၊ ၎င်း၏ စီးပွားရေးလုပ်ငန်းများနှင့် လုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်းများကို စုံစမ်းစစ်ဆေးရန်၊ ကာကွယ်တားဆီးရန်နှင့် ရပ်ဆိုင်းရန် အကြုံးဝင်သက်ဆိုင်ပါသည်။ ထို့အပြင် ဥပဒေရေးရာမှတ်စုတွင် အကယ်၍ မြန်မာစစ်အုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများသည် နိုင်ငံတကာဥပဒေများ သို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးများနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေ အပါအဝင် လိုက်နာရမည့် ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည်ဟု တွေ့ရှိပါက စင်ကာပူစတော့အိတ်ချိန်းကို တရားရေးဆိုင်ရာ ပြန်လည်ကုစားမှုများ " လွယ်လွယ်ကူကူ ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း" ဖော်ပြ ထားပါသည်။

စင်ကာပူအိတ်ချိန်းကြီးကြပ်ရေးအဖွဲ့၏ မေးမြန်းမှုများရှိပြီးနောက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလက ထုတ်ပြန်ခဲ့သည့် ဥပဒေရေးရာမှတ်စုကို တုန့်ပြန်ရန်အတွက် ဆက်တိုက်ထိတွေ့မေးမြန်းမှုများ လုပ်ဆောင်

ခဲ့ပြီးနောက်ပိုင်းတွင် ETC က ၎င်းတို့၏ ဥပဒေလိုက်နာမှုဆိုင်ရာ ပြန်လည်သုံးသပ်ချက်၏ အနှစ်ချုပ်ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည်။

ပြန်လည်သုံးသပ်ချက်တွင် Kelvin Chia Partnership မှဆောင်ရွက်သော အမေရိကန်၊ ယူကေ သို့မဟုတ် အီးယူ နိုင်ငံသားများဖြစ်သည့် ကုမ္ပဏီဝန်ထမ်းများကို ရှောင်ရှားခြင်းဖြင့် တစ်ဖက်သတ်ပိတ်ဆို့ အရေးယူမှုများမှ ရှောင်ရှားရန် ETC အတွက် လုပ်ဆောင်ချက်များကို ဖော်ပြထားပါသည်။ မြန်မာစစ်အုပ်စုကို ကျပ်ငွေသာပေးဆောင်ရန်၊ အမေရိကန်၊ ယူကေ သို့မဟုတ် အီးယူတွင် စီးပွားရေးလုပ်ငန်းများကို ရှောင်ရှားရန်၊ အမေရိကန်၊ ယူကေ သို့မဟုတ် အီးယူမှ စက်ယန္တရားများ တပ်ဆင်ရန်အတွက် Golden City ရှိ ပြင်ပကုမ္ပဏီ ကန်ထရိုက်တာများကို အသုံးပြုရန် တို့ဖြစ်သည်။

ETC ၏ <u>နောက်ဆုံးနှစ်အစီရင်ခံစာ</u>တွင် မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများတွင် ETC ၏ နက်နက်ရှိုင်းရှိုင်း ပါဝင်ပတ်သက်မှုကို ဖြစ်စေခဲ့သည့် ၂၀၂၂ ခုနှစ်တွင် မြန်မာစစ်အုပ်စုအတွက် ကျပ်ငွေ ၂.၃၃ ဘီလီယံ (စင်ကာပူဒေါ်လာ ၁.၆၈ သန်း) ပေးဆောင်ခဲ့ကြောင်း ဖော်ပြထားပါသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ ရတနာမောင်က** “ETC ဟာ မြန်မာစစ်အုပ်စု ကျူးလွန်နေတဲ့ လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေမှာ ရောထွေးပါဝင်နေပြီး အကြမ်းဖက်စစ်အုပ်စုရဲ့ ကာလရှည်ကြာ လက်တွဲခဲ့တဲ့ စီးပွားရေး လုပ်ဖော်ကိုင်ဖက် ဖြစ်ပါတယ်။

ETC အနေနဲ့ မဖြစ်မနေနုတ်ထွက်ရမှာဖြစ်ပြီး SGX ဟာ Golden City စီမံကိန်းနဲ့ ဆက်ပြီး ထိတွေ့ဆက်ဆံနေတာတွေအပါအဝင် ပုဂ္ဂလိကပိုင် စင်ကာပူကုမ္ပဏီတွေအနေနဲ့ လူသတ်စစ်အုပ်စုကို ငွေကြေးဆက်လက်ထောက်ပံ့နေတာတွေ မရှိအောင် စင်ကာပူအာဏာပိုင်တွေကိုယ်တိုင် ဘယ်လို ကိုင်တွယ်ဖြေရှင်းကြမလဲ ဆိုတဲ့ မေးခွန်းတွေ ပေါ်လာပါတယ်။

စင်ကာပူအိတ်ချိန်းကြီးကြပ်ရေးအဖွဲ့က ETC အပေါ် မြန်မာစစ်အုပ်စုနဲ့ စီးပွားရေးလုပ်ဆောင်မှုကြောင့် လျင်လျင်မြန်မြန် အရေးယူဆောင်ရွက်လိုက်ခြင်းနဲ့အတူ စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတွေအပေါ် မြန်မာဒဏ်ခတ်ပိတ်ဆို့မှုတွေရဲ့ သက်ရောက်မှုကို အားကောင်းစေမယ့် <u>အရေးယူဒဏ်ခတ်ပိတ်ဆို့မှု လမ်းညွှန်ချက်</u>ကို ထုတ်ပြန်ခဲ့တဲ့အပေါ် များစွာ နှစ်ထောင်းအားရဖြစ်ရပါတယ်။

မြန်မာစစ်အုပ်စုအတွက် စစ်လက်နက်ပစ္စည်းတွေ ထောက်ပံ့မှုနဲ့ ဖြစ်နိုင်ခြေရှိတဲ့ ချိတ်ဆက်မှုတွေအတွက် စင်ကာပူအာဏာပိုင်တွေက ကုမ္ပဏီတွေကို စုံစမ်းစစ်ဆေးနေတာဟာ အပေါင်းလက္ခဏာတရပ်ဖြစ်ပေမယ့် မြန်မာနိုင်ငံရဲ့ အကျပ်အတည်းကို တုံ့ပြန်ဖို့နဲ့ စင်ကာပူကုမ္ပဏီတွေက အကြမ်းဖက်စစ်အုပ်စုအပေါ် ရံပုံငွေ ပံ့ပိုးနေတာတွေကို တားဆီးဖို့ ရုရှားကိုအရေးယူပိတ်ဆို့ကြသလို လုပ်ဆောင်ကြဖို့ အများကြီး လိုအပ်နေ ပါတယ်။

အစိုးရတွေအနေနဲ့ Grand Ally ကုမ္ပဏီနဲ့ Jewellery Luck Group of Companies နဲ့အတူ မြန်မာစစ်အုပ်စု နဲ့ စီးပွားရေးဆက်လက်လုပ်ဆောင်ပြီး၊ စစ်အုပ်စုကျူးလွန်တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေမှာ ငွေကြေး ထောက်ပံ့ဖို့ ရွေးချယ်လိုက်ကြတဲ့ သူတို့ရဲ့ ကုမ္ပဏီပိုင်ရှင်တွေအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ အခုအချိန်မှာ အမြန်ဆုံးချမှတ်လုပ်ဆောင်ကြရပါမယ်” ဟု ပြောကြားခဲ့ပါသည်။

## ပိုမိုသိရှိရန်

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။